# မင်္ဂလာရာမ သတင်းလွှာ

( ၀၄–၁၅–၀၇ )

**<u>မင်္ဂလာရာမ သံဃာဆောင်</u>** ။ ။ မင်္ဂလာရာမ သံဃာဆောင် တိုးချဲ့ရေးအတွက် ဗိသုကာ ဦးတိုနီ–မှ ပုံစံကို မတ်လ ၁၈ ရက်နေ့တွင် တင်ပြဆွေးနွေးခဲ့ပြီး ဧပြီလလည်တွင် အချောသပ်ပုံစံ ( Final Plan ) ပြီးစီးမည်ဖြစ်ပါသည် ၊ ပုံစံအချောပြီးလျှင် သက်ဆိုင်ရာ Montgomery County သို့ ပါမစ်လျှောက်ထားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည် ။

**<u>မင်္ဂလာရာမ ဗုဒ္ဓစာကြည့်တိုက်</u>** ။ ။ BABA အတွင်းရေးမှူး ဦးသာဇံ–အား ရည်စူး၍ ကျန်ရစ်သူ ဇနီး–ဒေါ်ကြည်ကြည်ဝင်း မိသားစု မှ စာကြည့်တိုက် ဖြစ်မြောက်ရေးအတွက် $ 5000 မ,တည်လှူဒါန်းပြီးဖြစ်ရာ ၀၃–၁၄–၀၇ နေ့က လိုအပ်သော စာအုပ်စင်များကို မင်္ဂလာရာမ ဆရာတော်နှစ်ပါးနှင့် ဦးအေးသန်း–ဒေါ်တင်နွယ်သန်း ၊ ဦးတင်မောင်သော်တို့က ဝယ်ယူခဲ့ပြီး၊ ၀၃–၁၆–၀၇ နေ့က မင်္ဂလာရာမ ဆရာတော်နှစ်ပါးနှင့် ဦးအေးသန်း, ဦးယဉ်ထွေး–ဖွားဖွား, ဦးကျော်ကျော်, ဦးသောင်းကြည်, ဒေါ်တီမေသိန်း တို့က စာအုပ်စင်များကို တပ်ဆင်ခဲ့ပြီး၊ ၀၃–၂၅–၀၇ နေ့က အရှင်ဓမ္မသာမိ, ဒေါ်ခင်ခင်ထွေး, ဒေါ်ခင်ဆွေမြင့်, ဒေါ်မို့မို့ရီ, ဒေါ်တီမေသိန်း, မနီလာ, ဦးသောင်းကြည်, ကိုဇော်ဇော် တို့က စာအုပ်များကို စံနစ်တကျ ထားသိုမှုစသည်များ ပြုလုပ်ခဲ့ပြီးဖြစ်ရာ စာကြည့်တိုက်အတွက် အလှူငွေများ, အင်္ဂလိပ်–မြန်မာ စာအုပ်များ, တရားတိပ်ခွေ, စီဒီ, ဗီစီဒီ, ဒီဗီဒီ,များကို မင်္ဂလာရာမ ဖုန်း–၃၀၁–၄၃၉–၄၀၃၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည် ။

**<u>မင်္ဂလာရာမ နွေရာသီ ( ၁၀ ) ရက် တရားစခန်း</u>** ။ ။ တရားစခန်းကို ၀၆–၀၁–၀၇ မှ ၀၆–၁၀–၀၇ နေ့အထိ မဟာစည် ရွှေမင်းဝံ ဆရာတော် ဦးသောဘန နှင့် မင်္ဂလာရာမ ဆရာတော်တို့က ဦးစီးဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။ တရားဝင်လိုသော ယောဂီများ, အရုဏ်ဆွမ်း, နေ့ဆွမ်း, အဖျော်ရည် ကပ်လိုသူများ မင်္ဂလာရာမ ( ဖုန်း–၃၀၁–၄၃၉–၄၀၃၅ ) သို့ စာရင်းပေးနိုင်ပြီ ဖြစ်ပါသည် ။

**<u>မင်္ဂလာရာမ Web Site</u>** ။ ။ <u>www.mingalarama.org</u> မင်္ဂလာရာမ Web Site ကို ကိုဇော်ဇော်–မှ လုပ်အားပေး တည်ဆောက် လှူဒါန်းခဲ့ပြီးဖြစ်ရာ ဗုဒ္ဓတရားတော်များ, မင်္ဂလာရာမ သတင်းများကို ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ကြည့်ရှုနိုင်ပါကြောင်း ။

**<u>ဓမ္မသံဝေဂ ပွဲများခြင်း</u>**။ ။

( ၁ ) နယူးယောက်မြို့ လောကချမ်းသာကျောင်း တည်ရှိရာ အမေရိကန်–မြန်မာ ဗုဒ္ဓဘာသာ အသင်း၏ ဥက္ကဋ္ဌ ဦးဟန်ကြူ ( ၇၃–နှစ် ) ၏ ( ၀၂–၁၄–၀၇ ) နေ့က ကွယ်လွန်ခဲ့ခြင်းအတွက်လည်းကောင်း ။

( ၂ ) ဦးလှဝင်း–ဒေါ်နီလာ ၏ မိခင်ကြီး ဒေါ်ခင်ခင်–၏ မတ်လတွင် ကွယ်လွန်ခဲ့ခြင်းအတွက်လည်းကောင်း ။

ကျန်ရစ်သူမိသားစုများနှင့်အတူ မြန်မာ အမေရိကန် ဗုဒ္ဓဘာသာ အသင်းကြီးမှ ဓမ္မသံဝေဂ ပွဲများပါကြောင်း မှတ်တမ်း တင်အပ်ပါသည် ။

BABA
အလုပ်အမှုဆောင်အဖွဲ့